ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စက်မှုဝန်ကြီးဌာန

# ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေး ဗဟိုဦးစီးအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၁ / ၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၂ ရက်

( ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက် )

ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေး ဗဟိုဦးစီးအဖွဲ့သည် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေး ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်နှင့် အဆိုပါ ဥပဒေ ပုဒ်မ ၄၇၊ ပုဒ်မခွဲ(ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါ မူဝါဒကို ထုတ်ပြန်လိုက်သည်။

### "ရွှေသတ္တုထုတ်လုပ်သန့်စင်ရာတွင် အသုံးပြုသည့် ဆိုဒီယမ်ဆိုင်ယာနိုဒ်နှင့် ပြဒါး ဓာတုပစ္စည်းများ ပြည်ပမှ ဝယ်ယူတင်သွင်းခွင့်ဆိုင်ရာ မူဝါဒ"

၁။ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေး ဗဟိုဦးစီးအဖွဲ့သည် ခွင့်ပြုမိန့်ဖြင့် ရွှေသတ္တုထုတ်လုပ် သန့်စင်ခြင်းလုပ်ငန်းဆောင်ရွက်နေသော လုပ်ကွက်များတွင် အသုံးပြုမည့် ဆိုဒီယမ်ဆိုင်ယာနိုဒ်နှင့် ပြဒါး ဓာတုပစ္စည်းများအား ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေးအတွက် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ(က)အရ အောက်ဖော်ပြပါ မူဝါဒများအား ရွှေသတ္တုထုတ်လုပ်သန့်စင်ခြင်း လုပ်ငန်းဆောင်ရွက်နေသည့် လုပ်ငန်းရှင်များနှင့် တင်သွင်းရောင်းချဖြန့်ဖြူးသူများ လိုက်နာရန်ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါသည်-

(က) ရွှေသတ္တုသယံဇာတ အရင်းအမြစ်များကို ဆိုဒီယမ်ဆိုင်ယာနိုဒ်နှင့် ပြဒါးဓာတုပစ္စည်းများ အသုံးပြု၍ သဘာဝပတ်ဝန်းကျင်၊ လူနှင့် သက်ရှိသတ္တဝါတို့ အပေါ် ကာလတို၊ ကာလရှည် ဆိုးကျိုးသက်ရောက်မှု မဖြစ်စေဘဲ အကျိုးရှိစွာ ထုတ်လုပ်အသုံးချခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ ပိုမိုတိုးတက် မြင့်မားလာစေရန်၊

(ခ) ဆိုဒီယမ်ဆိုင်ယာနိုဒ်နှင့် ပြဒါးဓာတုပစ္စည်းများအား ပြည်တွင်းသို့တင်သွင်းခြင်းအပြင် ယင်းနှင့်ဆက်စပ်လျက်ရှိသည့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းများဖြစ်သည့် သိုလှောင်ခြင်း၊ နည်းပညာအရပြုပြင်ခြင်း၊ စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်း၊ သုံးစွဲခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ဖြန့်ဖြူးခြင်း၊ ဝယ်ယူခြင်း၊ ရောင်းချခြင်းနှင့် စွန့်ပစ်ခြင်း ပြုသည့်လုပ်ငန်းများဆောင်ရွက်ရာတွင် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်များနှင့်အညီ အန္တရာယ်ကင်းရှင်းစေရေးအတွက် စနစ်တကျ လုပ်ကိုင်ဆောင်ရွက်စေရန်၊

(ဂ) တရားဝင်ခွင့်ပြုချက်ဖြင့် တင်သွင်းလာသော ဆိုဒီယမ်ဆိုင်ယာနိုဒ်နှင့် ပြဒါးဓာတုပစ္စည်းများကို စနစ်တကျ သုံးစွဲစေရေးအတွက် ပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်နှင့် သတင်းအချက်အလက်များရယူ၍ ကိုင်တွယ်အသုံးပြုသူများကို အသိပေးသည့်စနစ် ကျင့်သုံးစေရန်၊

(ဃ) တင်သွင်းလာသည့် ဆိုဒီယမ်ဆိုင်ယာနိုဒ်(Sodium Cyanide)နှင့် ပြဒါး(Mercury) ဓာတုပစ္စည်းများကို သယ်ယူပို့ဆောင်ခြင်းအပါအဝင် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရာတွင် ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းများဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေး ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များ၊ သက်ဆိုင်ရာ လိုင်စင်နှင့် မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်စေရန်၊

(င) ဆိုဒီယမ်ဆိုင်ယာနိုဒ်(Sodium Cyanide)နှင့် ပြဒါး(Mercury)ဓာတုပစ္စည်းများကို နယ်စပ်ကုန်သွယ်မှုစခန်းများနှင့် ဆိပ်ကမ်းများမှတစ်ဆင့် တင်သွင်းသယ်ယူပို့ဆောင်မည်ဆိုပါက အဆိုပါစခန်းများ၏ စည်းမျဉ်း၊ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ သိုလှောင်မည့်နေရာနှင့် လုပ်ငန်းခွင်သို့ အန္တရာယ်ကင်းရှင်းစွာ သယ်ယူပို့ဆောင်စေရန်၊

(စ) တင်သွင်းလာသည့် ဆိုဒီယမ်ဆိုင်ယာနိုဒ်(Sodium Cyanide)နှင့် ပြဒါး(Mercury) ဓာတုပစ္စည်းများကို အသုံးပြုရန်နှင့် ရောင်းချရန်တို့အတွက် လက်ခံ သိုလှောင်မည့်သူသည် ယင်းဓာတုပစ္စည်းများ လက်ခံရရှိသည့်အခါ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သို့ သတင်းပို့စေရန်၊

(ဆ) ဆိုဒီယမ်ဆိုင်ယာနိုဒ်(Sodium Cyanide)နှင့် ပြဒါး(Mercury)ဓာတုပစ္စည်းများကို ပြည်ပမှ ဝယ်ယူလျှင်သော်လည်းကောင်း၊ ဝယ်ယူသိုလှောင်ပြီး ပြန်လည်